**Women's Peace Network**

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အပြည်ပြည်ဆိုင်ရာနေ့ ကြေညာချက် ၊
နိုဝင်ဘာလ ၂၅ရက်၊ ၂၀၂၃။**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးအပြည်ပြည်ဆိုင်ရာနေ့တွင် မိမိတို့ Women's Peace Network အနေဖြင့် ကျား/မအခြေပြုအကြမ်းဖက်မှု ပပျောက်ရေး၊ ကြောက်မက်ဖွယ်အကြမ်းဖက်မှုများကို ရင်ဆိုင်ခဲ့ရသူများသာမက ၎င်းအကြမ်းဖက်မှုတို့မှ လွတ်မြောက်လာသူများနှင့် အတူတကွ ရပ်တည်ပြီး ၎င်းတို့အတွက် တရားမျှတမှုကို လျင်မြန်စွာ ဖော်ဆောင်နိုင်ရေးတို့အတွက် ကြိုးပမ်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး ကျူးလွန်သူများသည်လည်း ပြစ်မှုများမှ ကင်းလွတ်နေသည်။ မြန်မာစစ်တပ်သည် ၎င်းတို့ အဓမ္မဖမ်းဆီးထားသော အမျိုးသမီး ၃၆၀၀ ကျော်ကို အဓမ္မပြုကျင့်မည်ဟု ခြိမ်းခြောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားခြင်း၊ အုပ်စုဖွဲ့ အဓမ္မပြုကျင့်ခြင်းတို့ဖြင့် အမျိုးသမီးများအား အန္တရာယ်ပြုလျက်ရှိသည်။ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည့် ဒေသများတွင် မြန်မာစစ်တပ်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အဓမ္မပြုကျင့်ခြင်းအား စစ်လက်နက်တစ်ခုအဖြစ် အသုံးချလျက်ရှိသည်။ ထိုအမျိုးသမီးများသည် စစ်တပ်၏ ရမ်းသမ်းပစ်ခတ်မှုများ၊ ချိန်တွယ်ပစ်ခတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ မပေါက်ကွဲသေးသော လက်နက်များ၊ မြေလှန်မီးရှို့စစ်ဆင်ရေးများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများမှလည်း ထွက်ပြေးနေကြရသည်။ ဒါ့အပြင် မကြာသေးခင်ကာလကပင် ဒီမိုကရေစီတန်ဖိုးများနှင့် စံနှုန်းများကို လိုက်နာကြပါသည်ဟူသော လက်နက်ကိုင်အုပ်စုတချို့နှင့် ၎င်းတို့နှင့်ဆက်စပ်သောအုပ်စုအချို့က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကျူးလွန်ခဲ့သည်ဆိုသည့် အစီရင်ခံစာများလည်း ထွက်ပေါ်လာခဲ့ပါသည်။

ဤကဲ့သို့ ကျူးလွန်ခံခဲ့ရသူအများစုသည် အဓမ္မနေရာပြောင်းရွှေ့ခံခဲ့ရသူများဖြစ်သည့်အတွက် ၎င်းတို့၏ လုံခြုံမှုနှင့် အကာအကွယ်ရရှိရေးအတွက် အသက်အန္တရာယ်များလှသည့် ထွက်ပြေးမှုများကိုပင် ပြုလုပ်လာကြသည်။ ကျူးလွန်ခံရိုဟင်ဂျာအမျိုးသမီးများသည်လည်း

# Women's Peace Network

ဘင်္ဂလားဒေ့ရှ်ရှိ လူသားမဆန်သည့် စခန်းများတွင် လက်နက်ကိုင်များ၏ အုပ်စုဖွဲ့အကြမ်းဖက်မှုများ၊ မြန်မာပြည်တွင် မြန်မာစစ်တပ်၏ လူမျိုးတုန်းသတ်ဖြတ်မှုများနှင့် ကုန်းလမ်း၊ရေလမ်းတို့ဖြင့် ထွက်ပြေးကြရာတွင် လူကုန်ကူးသူများ၏ အဓမ္မပြုကျင့်မှုများမှ မိမိကိုယ်မိမိ ကာကွယ်ရမည့် အနေအထားသို့ ရောက်ရှိလာခဲ့ပါသည်။
မိမိတို့အနေဖြင့် ကမ္ဘာကြီးအား သတိပေးလိုသည်မှာ မြန်မာပြည်တွင် အမျိုးသမီးများအတွက် တရားမျှတမှုရရှိရန် ဆယ်စုနှစ်များစွာကြာညောင်းခဲ့ခြင်းသည်ကသာလျှင် ယနေ့ဖြစ်ပွားလျက်ရှိသည့် ပြစ်မှုများအား အားဖြည့်ပေးခြင်းပင် ဖြစ်ပေသည်။ မြန်မာစစ်တပ်သည် မျိုးဆက်များစွာတိုင် တရားမျှတမှု ငြင်းပယ်ခံနေရသည့် တိုင်းရင်းသားများနှင့် လူနည်းစုဘာသာဝင်အမျိုးသမီးများအား ဖိနှိပ်ရန်နှင့် ၎င်းတို့၏ ဖြစ်တည်မှုကို ဖျက်ဆီးပစ်ရန် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအားဖြင့် ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီး ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံသူများသည် ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ငံများစွာတွင်လည်း တရားမျှတမှု ငြင်းပယ်ခံနေကြရသည်။ အမျိုးသမီးများအကြမ်းဖက်ခံရသည်များကို မိမိတို့ အကြိမ်ကြိမ် မြင်တွေ့နေရခြင်းမှာ ကျူးလွန်သူများက ၎င်းတို့ကျူးလွန်ပြီးနောက် မည်သည့်နောက်ဆက်တွဲမှ ရင်ဆိုင်ရမည်မဟုတ်ဟု မှတ်ယူနေကြခြင်းကြောင့်ပင် ဖြစ်သည်။ ဤအရှိတရားကို သိရှိလာသည့် လူအဖွဲ့အစည်းများသည်လည်း ၎င်းတို့ကျူးလွန်ပြီးနောက် ၎င်းတို့လည်း မည်သည့်နောက်ဆက်တွဲမှ ရင်ဆိုင်ရမည်မဟုတ်ဟု မှတ်ယူလာကြသည်။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အကြမ်းဖက်မှု ကျူးလွန်ခံခဲ့ရသည့် အမျိုးသမီးများအတွက် တရားမျှတမှု ဖော်ဆောင်ပေးရန် မိမိတို့ တောင်းဆိုပါသည်။ နိုင်ငံများအနေဖြင့် မြန်မာအခြေအနေအား အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး (ICC) သို့ လွှဲပြောင်းခြင်းနှင့် မြန်မာစစ်တပ်အား နိုင်ငံတကာရာဇဝတ်မှုများအတွက် တရားစွဲဆိုရန် အပြည်ပြည်ဆိုင်ရာတရားစီရင်ရေးကိုအသုံးပြုခြင်း အပါအဝင် အဆိုပါအကြမ်းဖက်မှု ကျူးလွန်ခဲ့သူများကို တာဝန်ခံစေရေးအတွက် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ၎င်းတို့၏ "အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအစီအစဉ်" များနှင့်အညီ မြန်မာပြည်၏ ကြောက်မက်ဖွယ်အခြေအနေအား တိကျထိရောက်သည့် အရေးယူမှုများဖြင့် လုပ်ဆောင်သင့်ပါသည်။

# Women's Peace Network

တစ်ချိန်တည်းတွင် အကြမ်းဖက်မှု ကျူးလွန်ခံခဲ့ရသည့် အမျိုးသမီးများအတွက် ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့၏ ရှေ့ဆက်တည်ဆောက်ခြင်းတို့အတွက် ထိရောက်သည့် နိုင်ငံတကာအကူအညီများကို လိုအပ်ပါသည်။ အစိုးရများ၊ ကုလသမဂ္ဂနှင့် အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့်လည်း မြန်မာပြည်တွင် အဆိုပါကျူးလွန်ခံခဲ့ရသူများနှင့် လက်တွဲလုပ်ကိုင်လျက်ရှိသည့် အမျိုးသမီးအဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ ပစ္စည်းနှင့် ငွေကြေးထောက်ပံ့မှုများ တိုက်ရိုက်ပေးအပ်ရန် အလွန်ရေးကြီးပါသည်။ ဒုက္ခသည်ဖြစ်လာကြသည့် ကျူးလွန်ခံခဲ့ရသူများနှင့် လာရောက်ခိုလှုံသူများကို အာမခံချက်ပေးရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာတရားမျှတမှု ယန္တရားအတွက် လာရောက်သက်သေထွက်ဆိုသူများကိုလည်း အပြည့်အဝ အကာအကွယ်ပေးရမည် ဖြစ်သည်။

အစိုးရများ၊ ကမ္ဘာ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂ နှင့် အခြားသော နိုင်ငံတကာအဖွဲ့အစည်းအားလုံးတို့ အနေဖြင့် ယခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး အပြည်ပြည်ဆိုင်ရာနေ့အား ၎င်း၏ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်းအားဖြင့် ဂုဏ်ပြုရမည် ဖြစ်သည်။ စကားလုံးအားဖြင့်သာ သွေးစည်းညီညွတ်ခြင်းဆိုသည်မှာ အနိမ့်ဆုံးနှင့် အနည်းဆုံး လုပ်ဆောင်မှုသာ ဖြစ်ပါသည်။